### ၂၅-၁၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) |
|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့် ဒီဇယ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | ၉၀၀၀ | ၂၅၀၀၀ | ၁၀၅၀၀ | ၄၅၆၀ | ၄၅၀၅ | - | ၄၈၃၀ | ၇၉၀၀၀၀၀ |
| ၂ | လားရှိုး | ၅၀၀၀ | ၉၀၀၀ | | ၈၂၇၅ | ၂၈၃၅ | ၂၇၆၀ | ၂၇၁၅ | ၃၂၅၅ | ၇၉၀၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၂၀၀ | ၈၄၀၀ | ၂၁၀၀၀ | - | ၃၆၀၀ | - | ၃၆၀၀ | - | ၈၅၄၀၀၀၀ |
| ၄ | တောင်ကြီး | ၂၉၀၀ | ၇၈၀၀ | ၁၉၀၀၀ | ၇၂၀၀ | ၂၈၀၀ | ၂၇၂၅ | ၂၆၈၀ | ၃၂၂၀ | ၈၅၅၀၀၀၀ |
| ၅ | လွိုင်ကော် | ၂၈၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၇၂၀၀ | ၂၈၂၀ | ၂၇၄၅ | ၂၇၀၀ | ၃၂၄၀ | ၈၆၅၀၀၀၀ |
| ၆ | ဘားအံ | ၃၂၀၀ | ၆၀၀၀ | ၂၀၀၀၀ | ↓ ၇၀၅၀ | ၂၇၆၀ | ၂၆၉၀ | ၂၆၄၅ | ၃၁၈၀ | ၈၄၇၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၅၀၀ | ၄၈၀၀ | ၂၀၀၀၀ | ၆၉၅၀ | ၃၀၀၀ | ၂၉၂၀ | ၃၃၀၅ | ၃၃၅၀ | ၇၉၀၀၀၀၀ |
| ၈ | ထားဝယ် | ၃၁၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၇၄၅၀ | ၂၈၁၀ | ၂၇၃၅ | ၂၆၉၀ | ၃၂၃၀ | ၈၇၅၀၀၀၀ |
| ၉ | မြိတ် | ၂၈၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၇၆၃၅ | ၂၉၅၀ | ၂၈၅၀ | ၃၀၅၀ | ၃၁၀၀ | ၈၇၅၀၀၀၀ |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၆၇၅၀ | ၂၆၇၅ | ၂၆၀၀ | ၂၅၅၅ | ၃၀၉၅ | ၈၆၇၀၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | ၄၈၅၀ | ၂၁၀၀၀ | ၆၉၆၀ | ၂၇၄၅ | ၂၆၇၀ | ၂၆၂၅ | ၃၁၆၅ | ၈၇၁၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | |
| ၁၃ | ဟားခါး | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၃၀၈၀ | ၃၀၀၅ | ၂၉၆၀ | ၃၄၉၅ | ၈၆၀၀၀၀၀ |
| ၁၄ | မုံရွာ | ၃၂၀၀ | ၈၁၀၀ | ၁၃၅၀၀ | ၇၂၆၀ | ၂၈၂၅ | ၂၇၅၀ | ၂၇၁၀ | ၃၂၄၅ | ၈၅၈၀၀၀၀ |
| ၁၅ | မန္တလေး | ၃၂၀၀ | ၆၃၀၀ | ↓ ၁၃၀၀၀ | ၇၄၃၀ | ၂၇၉၀ | ၂၇၁၅ | ၂၆၇၀ | ၃၂၁၀ | ၈၆၄၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | ၆၅၀၀ | ၁၃၅၀၀ | ၇၄၅၀ | ၂၇၉၅ | ၂၇၂၀ | ၂၆၇၅ | ၃၂၁၅ | ၈၈၂၀၀၀၀ |
| ၁၇ | မကွေး | ၃၂၀၀ | ၆၇၀၀ | ၁၄၅၀၀ | ၇၂၉၀ | ၂၇၉၅ | ၂၇၂၀ | ၂၆၇၅ | ၃၂၁၅ | ၇၉၀၀၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | ၅၁၀၀ | ၁၆၀၀၀ | ၇၀၈၅ | ၂၇၂၁ | ၂၆၄၆ | ၂၆၀၁ | ၃၁၄၆ | ၇၈၀၀၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | ၅၁၀၀ | ၁၇၅၀၀ | ၇၀၈၅ | ၂၆၉၀ | ၂၆၁၅ | ၂၅၇၀ | ၃၁၀၀ | ၇၈၀၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၆၀၀ | ၆၂၀၀ | ၁၆၄၀၀ | ၇၀၉၅ | ၂၇၅၅ | ၂၆၈၀ | ၂၆၃၅ | ၃၁၇၅ | ၈၆၄၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၆၀၀ | ၆၂၀၀ | ၁၆၅၀၀ | ၇၀၉၅ | ၂၇၅၅ | ၂၆၈၀ | ၂၆၃၅ | ၃၁၇၅ | ၈၆၄၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | | ၂၀၀၀၀ | ၈၃၉၀ | ၃၈၂၅ | ၃၇၅၀ | ၃၇၁၀ | ၄၂၄၅ | ၈၅၀၀၀၀၀ |

# The Consumer Affairs News Letter

Monthly News Letter October 2025 Department of Consumer Affairs

## စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ





စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန် ပေးအပ်ထားရှိပါသည်။

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

အဆိုပါစားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၉-၉-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ်စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၀-၉-၂၀၂၅ ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၃) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၁

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၃

၂။ အာရှပစိဖိတ်နို့စို့ကလေးငယ်နှင့် ကလေးငယ်များအာဟာရဆိုင်ရာအဖွဲ့ (APIYCNA) အား Virtual စနစ်ဖြင့် လက်ခံတွေ့ဆုံ

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၄

၃။ မော်တော်ဆိုင်ကယ်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၄။ ဆိုင်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ အွန်လိုင်းမှတစ်ဆင့် အိတ်ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှု အခြေအနေ

၆။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၆

၇။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၈။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၉။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

၁၀။ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၁။ ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၅

၁၂။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၃။ ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပ

၁၄။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

၁၅။ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကျင်းပ

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၅

၁၆။ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

၁၇။ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

**ကုန်သွယ်မှုကဏ္ဍ** ၂၇

၁၈။ မုံရွာမြို့နယ်တွင် ပြောင်းဖူးသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

၁၉။ မုံရွာမြို့ရှိ ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲဈေးနှုန်းများ

၂၀။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ




## ကုန်သွယ်မှုကဏ္ဍ

### မုံရွာမြို့နယ်တွင် ပြောင်းဖူးသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်ရှိ ကျေးရွာများနှင့် ဘုမ္မနိုးကျေးရွာတွင် သီးနှံမျိုးစုံစိုက်ပျိုးကြပြီး ပြောင်းသီးနှံများကို စိုက်ဧက ၁၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရပါသည်။

ပြောင်းသီးနှံကို တစ်ဧကစိုက်ပျိုးလျှင် သကြားပြောင်း ၄ ထုပ်၊ ပြောင်းစီးဖြူ ၅ ထုပ်ကုန်ကျပြီး သကြားပြောင်းမျိုးစေ့ ၁ ထုပ်လျှင် ၆၀၀၀၀ ကျပ်၊ ပြောင်းစီးဖြူ ၁ ထုပ်လျှင် ၄၅၀၀၀ ကျပ် ပေးဝယ်ရပါကြောင်း၊ ဩဂုတ်လလယ်တွင် စတင်စိုက်ပျိုး၍ ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၂ သိန်းခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ၂ လကျော်အကြာတွင် ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၄၀၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ သီးနှံအထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ စက်တင်ဘာလတတိယပတ်တွင် ရောင်းချနေသော ဈေးနှုန်းများမှာ ပြောင်းဖူးတစ်ဖူးလျှင် လက်ကားဈေး ငွေကျပ် ၅၀၀-၆၀၀ နှုန်းဖြင့် ရောင်းချရပြီး လက်လီဈေး ၈၀၀ ကျပ်၊ နှစ်ဖူးလျှင် ၁၅၀၀ ကျပ်ဖြင့် ရောင်းချရပါကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၂၀ သိန်းကျော် ရရှိပါကြောင်း၊ ဈေးကွက်အနေဖြင့် မုံရွာမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ပြောင်းဖူးသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သတင်းရရှိပါသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

### မုံရွာမြို့ရှိ ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲဈေးနှုန်းများ

စစ်ကိုင်းတိုင်းဒေသကြီး၊ စက်တင်ဘာလ စတုတ္ထပတ်အတွင်း မုံရွာမြို့ရှိ ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ပဲဈေးနှုန်းများမှာ မတ်ပဲတစ်တင်းလျှင် ၁၀၀၀၀၀ ကျပ်၊ ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် ၁၀၀၀၀၀ ကျပ်၊ ပဲတီစိမ်း (သေး) တစ်တင်းလျှင် ၁၁၅၀၀၀ ကျပ်၊ ပဲစဉ်းငုံတစ်တင်းလျှင် ၇၃၅၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ၇၅၀၀၀ ကျပ်၊ ကုလားပဲဝါ (ထိုင်ဝမ်) တစ်တင်းလျှင် ၈၀၅၀၀ ကျပ်၊ ထောပတ်ပဲ တစ်တင်းလျှင် ၇၅၀၀၀ ကျပ်၊ ပဲပုတ် (ရှမ်း) တစ်တင်းလျှင် ၉၆၇၀၀ ကျပ်၊ ပဲပုတ် (ဗမာ) တစ်တင်းလျှင် ၉၆၇၀၀ ကျပ်၊ ပဲကြီးတစ်တင်းလျှင် ၁၃၂၀၀၀ ကျပ်၊



ပဲနီလုံးရိုးရိုး တစ်တင်းလျှင် ၁၂၀၀၀၀ ကျပ်၊ စွန်တာနီ/ပြာ တစ်တင်းလျှင် ၁၃၃၀၀၀ ကျပ်၊ ပဲနီလေး တစ်ပြည်လျှင် ၁၅၀၀၀ ကျပ်နှင့် CP ပြောင်း တစ်တင်းလျှင် ၃၆၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

စာမျက်နှာ ၂၅ မှ အဆက်

လျက်ရှိကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲ စမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်း မှ ၉၁ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၁၀ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်း မှ ၃၆၇ ခု၊ သီးနှံဓာတု ဓာတ်ခွဲခန်း မှ ၂၆ ခု၊ သီးနှံရုပဓာတ်ခွဲခန်းမှ ၅ ခု၊ စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု ၄၉၉ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: သတင်း/နည်း**

## မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ၊ သိုလှောင်မှုအခြေ အနေများနှင့် နိုင်ငံအနှံ့ရှိ သိုလှောင်ရုံများကို ဒီဂျစ်တယ်နည်းလမ်းဖြင့် စနစ်တကျ မှတ်ပုံတင်နိုင်သည့် မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မြန်မာဆန်စပါး အွန်လိုင်း (MyRO) တွင် အွန်လိုင်းစနစ်ဖြင့် သိုလှောင်ရုံမှတ်ပုံတင်ခြင်း လုပ်ငန်းများကို သိုလှောင်ရုံ အကျယ်အဝန်း သတ်မှတ်ချက်များ အလိုက် အုပ်စု ၄ စုခွဲ၍ ကောက်ခံလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှ ၂၀၂၅ ခုနှစ် အောက်တိုဘာ လ ၃၁ ရက်နေ့ထိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံ ၅,၁၉၇ လုံး မှတ်ပုံတင်ထားရှိကြောင်း သတင်းရရှိပါသည်။

| စဉ် | တိုင်းဒေသကြီး | ကုမ္ပဏီ | | | လုပ်ငန်းရှင်/လုပ်ငန်းရှင် | | | သိုလှောင်ရုံပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အသေးစား | အလတ်စား | အကြီးစား | အသေးစား | အလတ်စား | အကြီးစား | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၀ | ၁ | ၁ | ၃၉ | ၅၀ | ၆၅ | ၁၅၆ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | ၀ | ၀ | ၀ | ၈၄ | ၁၀ | ၅ | ၉၉ |
| ၃ | နေပြည်တော်ကောင်စီနယ်မြေ | ၀ | ၁ | ၉ | ၅၉ | ၇၃ | ၂၂ | ၁၆၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၂ | ၃ | ၂၄ | ၁၃၂ | ၅၃၁ | ၃၁၆ | ၁၀၂၈ |
| ၅ | မကွေးတိုင်းဒေသကြီး | ၀ | ၀ | ၁ | ၁၂၃ | ၁၅၄ | ၂၈ | ၃၀၆ |
| ၆ | မန္တလေးတိုင်းဒေသကြီး | ၁ | ၇ | ၁၇ | ၂၂၆ | ၁၇၀ | ၅၄ | ၄၇၅ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၁၄ | ၁၉၅ | ၂၂၆ | ၃၀၇ | ၁၃၂ | ၈၇၆ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၀ | ၂၂ | ၆၅ | ၃၅၈ | ၇၄၇ | ၆၁၈ | ၁၈၁၀ |
| ၉ | ကချင်ပြည်နယ် | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၃ |
| ၁၀ | ကရင်ပြည်နယ် | ၀ | ၀ | ၁ | ၂၀ | ၁၃ | ၂ | ၃၆ |
| ၁၁ | မွန်ပြည်နယ် | ၀ | ၀ | ၁ | ၅၄ | ၇၀ | ၁၁ | ၁၃၆ |
| ၁၂ | ရခိုင်ပြည်နယ် | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၂ |
| ၁၃ | ရှမ်းပြည်နယ် | ၀ | ၃ | ၂ | ၃၃ | ၄၆ | ၂၂ | ၁၀၆ |
| | စုစုပေါင်း | ၅ | ၅၂ | ၃၁၆ | ၁၃၇၅ | ၂၀၇၄ | ၁၂၇၅ | ၅၁၉၇ |

**Source: သတင်း/နည်း**



# ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

## အာရှပစိဖိတ်နို့စို့ကလေးငယ်နှင့် ကလေးငယ်များအာဟာရဆိုင်ရာအဖွဲ့ (APIYCNA) အား Virtual စနစ်ဖြင့် လက်ခံတွေ့ဆုံ



စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ဘာသာရပ်တာဝန်ခံများသည် အာရှပစိဖိတ်နို့စို့ကလေးငယ်နှင့် အာဟာရဆိုင်ရာအဖွဲ့ (APIYCNA) မှ တာဝန်ရှိသူများအား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက် ၁၀:၀၀ နာရီတွင် Virtual စနစ်ဖြင့် လက်ခံတွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် အာရှပစိဖိတ် နို့စို့ကလေးငယ်နှင့် အာဟာရဆိုင်ရာအဖွဲ့ (APIYCNA) ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ Ms. Venetta Miranda က ယခုကဲ့သို့ လက်ခံတွေ့ဆုံခွင့်ပြုသည့်အတွက် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တကွ ညွှန်ကြားရေးမှူးများနှင့် ဘာသာရပ်တာဝန်ခံများအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အဖွဲ့သည် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများမှ နို့စို့ကလေးငယ်နှင့် ကလေးငယ်များအတွက် အာဟာရပြည့်ဝစွာရရှိစေရေး လုပ်ငန်းများကို အကျိုးအမြတ်မယူဘဲ ဆောင်ရွက်ပေးနေသည့် စင်ကာပူနိုင်ငံအခြေစိုက်ဒေသတွင်း အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင်လည်း ဒေသခွဲရုံးများ ဖွင့်လှစ်၍ ကလေးသူငယ်အာဟာရပြည့်စွက်စာ ထုတ်လုပ်ရေးလုပ်ငန်းများကို ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်ပူးပေါင်း၍ နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်သွင်းခြင်းဆိုင်ရာ အမိန့်အား ပြင်ဆင်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။ ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များဖြစ်သည့် စားသုံးသူစနစ်ဆုံးရှုံးမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနေမှုများ၊ အွန်လိုင်းမှတ်ပုံတင်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းစဉ်များအပါအဝင် APIYCNA ၏ မေးမြန်းချက်များဖြစ်သည့် ကုန်အညွှန်းအမှတ်တံဆိပ်ဖော်ပြခြင်း ညွှန်ကြားချက်ပါ လုပ်ငန်းစဉ်များနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး လုပ်ငန်းစဉ်များ စသည်တို့ကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: အာဆီယံ**

# စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

## မော်တော်ဆိုင်ကယ်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှု အခြေအနေ



မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ချမ်းမြသာစည်မြို့နယ်တွင် ဖွင့်လှစ်ထားသည့် ဆိုင်ကယ်ရောင်းဝယ်ရေးနှင့် ဖြန့်ချိရေးဆိုင်တစ်ဆိုင်မှ (MDY-79W/ XXXX ) Honda Click မော်တော်ဆိုင်ကယ်အား တရားဝင်မှတ်ပုံတင် မော်တော်ဆိုင်ကယ်အဖြစ် လိမ်လည်ရောင်းချခဲ့ပါသဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် စားသုံးသူရေးရာဦးစီးဌာနသို့ စာဖြင့် တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ရာတွင် တိုင်ကြားခံရသည့် ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်ပိုင်ရှင်အား ချမ်းမြသာစည်မြို့နယ်တရားရုံးမှ ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၄၂၀ ကို ကျူးလွန်ကြောင်းနှင့် စွဲချက်ရှိသည်ကို ထုချေရှင်းလင်းရန် စစ်ဆေးဆဲအမှုဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ စားသုံးသူကာကွယ်ရေးနည်းဥပဒေများ နည်းဥပဒေ ၈၀ (င) အရ တရားရုံး တစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံသို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများအပေါ် ဖြေရှင်းဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားကြောင်း ဖော်ပြပါရှိသည့်အတွက် တိုင်ကြားမှုကို ဖြေရှင်းဆောင်ရွက်ပေး၍မရပါကြောင်း တိုင်ကြားသူသို့ ဆက်သွယ်ရှင်းပြခဲ့ပြီး တိုင်ကြားမှုကို ဆက်စပ်ဥပဒေများနှင့်အညီ ဖြေရှင်းစေခြင်းဖြင့် ပိတ်သိမ်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ဆိုင်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ဟံသာဝတီပွဲရုံနှင့် ကုန်တင်ကားဂိတ်များပါဝင်သော လက်ကားဈေးကြီးတွင် အခန်းအမှတ် C-XXXX ကို ကုမ္ပဏီတစ်ခုထံမှ ၇-၉-၂၀၂၅ ရက်နေ့၌ စရံငွေ ကျပ်သိန်း (၅၀) ပေး၍ ဝယ်ယူခဲ့ရာ စာချုပ်ချုပ်ဆိုချိန်တွင် ကုမ္ပဏီအရောင်းစာရေးက ၎င်းအခန်းသည် ရောင်းချပြီးအခန်းဖြစ်နေ၍ စရံငွေကျပ် သိန်း (၅၀)အား ပြန်ပေးမည်ဟု ပြောကြားခဲ့သည့်အတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် စားသုံးသူရေးရာဦးစီးဌာနသို့ စာဖြင့်တိုင်ကြားလာပါသည်။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၂၄ မှအဆက်*

သင်တန်းအမှတ်စဉ် (၂/၂၀၂၅) ကိုလည်း ဖွင့်လှစ်ခဲ့ပြီး စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ လုပ်ထုံးလုပ်နည်းများ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ၊ ဈေးကွက်ထဲတွင် ကွင်းဆင်းစစ်ဆေးရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့် အတွေ့အကြုံများ၊ Online Shop လုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပို့ချခဲ့ကြကြောင်း၊ အဆိုပါသင်တန်းများသို့ တိုင်းဒေသကြီးဦးစီးမှူးရုံးရှိ ဝန်ထမ်းများက Inperson ဖြင့်လည်းကောင်း၊ ခရိုင်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများက Virtul စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် အွန်လိုင်းအသုံးပြု၍ ဖွင့်လှစ်သော စားသုံးသူရေးရာ သင်တန်း (၁) ကြိမ်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။

**Source: အသိပညာပေး**

# သတင်းအချက်အလက်၊ နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ဓာတ်ခွဲခန်းစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း လုပ်ငန်းရှင် ၆၇ ဦးက အပ်နှံလာသော သီးနှံ အမျိုးအစား ၂၀ မျိုး၊ စုစုပေါင်း နမူနာအရေအတွက် ၁၇၃ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၄၉၉ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း လယ်ယာထွက်ကုန်ပို့ကုန်များအား တရုတ်၊ ဂျပန်၊ ထိုင်ဝမ်၊ ပိုလန်နှင့် ဘူဂေးရီးယားနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ဆန်ကွဲ၊ နှမ်းနက်သိပ္ပံ၊ နှမ်းနက်ရိုးရိုး၊ နှမ်းညို၊ နှမ်းဖြူ၊ မတ်ပဲ၊ ပဲလွန်း၊ ပဲစဉ်းငုံဖြူ၊ ပဲထောပတ်၊ ပဲပိစပ်ဖတ်၊ ပဲယင်းနီ၊ မတ်ပဲအခွံချွတ်ခွဲခြမ်း၊ မတ်ပဲအခွံချွတ်နှင့်



ဘိုကိတ်ပဲတို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုအရည်အသွေးနှင့် သီးနှံရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးများကို ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်

*စာမျက်နှာ ၂၆ ကော်လံ ၁ သို့*

| ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်၊ စက်တင်ဘာလ စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | တိုင်းစားသုံးသူရေးရာကော်မတီအစည်းအဝေး |
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်း | သင်တန်းများဖွင့်လှစ်ခြင်း | |
| | | ကျောင်း | တက္ကသိုလ်ကောလိပ်သိပ္ပံ | ရပ်ကွက်ကျေးရွာ | တပ်ရင်း+ ဌာန+ အသင်း | Online/ Media (Talk Show) | စက်ရုံအလုပ်ရုံ | ဈေး | အခြား | စုစုပေါင်း | | | | |
| ၁ | ကချင် | ၂ | - | ၁ | ၁ | - | - | - | - | ၄ | - | ၅ | ၁ | - |
| ၂ | ကယား | - | - | - | ၁ | - | - | - | - | ၁ | - | - | - | - |
| ၃ | ကရင် | ၁၀ | - | - | ၁ | ၁ | - | - | - | ၁၂ | - | ၂ | - | - |
| ၄ | ချင်း | - | - | ၁ | ၂ | - | - | - | - | ၃ | - | ၂ | - | ၁ |
| ၅ | စစ်ကိုင်း | ၈ | - | - | ၁ | - | ၂ | - | - | ၁၁ | - | ၂၅ | ၂ | - |
| ၆ | တနင်္သာရီ | ၈ | - | - | ၁ | - | - | - | - | ၉ | - | ၁၇ | ၁ | - |
| ၇ | ပဲခူး | ၃၀ | ၂ | ၉ | ၂ | ၆ | - | - | - | ၄၉ | - | ၅၇ | - | ၁ |
| ၈ | မကွေး | ၁၃ | - | ၂ | ၉ | ၃ | - | ၂ | - | ၂၉ | ၁ | ၇၀ | - | - |
| ၉ | မန္တလေး | ၁၁ | - | ၉ | ၇ | ၈ | ၄ | ၁ | ၁ | ၄၁ | ၁ | ၆၂ | ၃ | ၁ |
| ၁၀ | မွန် | ၇ | - | - | - | ၅ | - | - | - | ၁၂ | - | ၅ | ၁ | - |
| ၁၁ | ရခိုင် | - | - | - | - | - | - | - | - | ၀ | - | ၁ | - | - |
| ၁၂ | ရန်ကုန် | ၁၅ | - | ၁ | ၃ | - | ၂ | ၃ | - | ၂၄ | - | ၂၄ | ၂ | - |
| ၁၃ | ရှမ်းတောင် | ၂ | - | - | ၁ | ၁ | - | - | - | ၄ | - | ၉ | ၁ | - |
| ၁၄ | ရှမ်းမြောက် | - | - | - | - | - | - | - | - | ၀ | - | ၁၀ | - | - |
| ၁၅ | ရှမ်းအရှေ့ | ၂ | - | - | - | - | ၁ | - | - | ၃ | - | ၂ | - | - |
| ၁၆ | ဧရာဝတီ | ၂၅ | - | ၁၁ | ၇ | ၂၄ | ၁ | - | - | ၆၈ | - | ၄၅ | ၁ | - |
| ၁၇ | ပြည်ထောင်စုနယ်မြေ | ၂ | - | - | ၃ | - | - | - | - | ၅ | - | ၂ | - | - |
| | ပြည်ထောင်စုချုပ် | ၁၃၅ | ၂ | ၃၄ | ၃၉ | ၄၈ | ၁၀ | ၆ | ၁ | ၂၇၅ | ၂ | ၃၃၈ | ၁၂ | ၃ |

**Source: အသိပညာပေး**

## ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံးများတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားစေရေး သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကွန်ပျူတာစွမ်းဆောင်ရည်သင်တန်းအမှတ်စဉ် ၁/၂၀၂၅ ကို ဖွင့်လှစ်ခဲ့ပြီး ရုံးစာရေးသားနည်း (အကွာအဝေး၊အထားအသို)၊ Microsoft Office/ Powerpoint ၊ Microsoft Office Excel အသုံးပြုသည့် နည်းလမ်းများ သင်ကြားပို့ချပေးခဲ့ကြောင်း၊ ထို့အတူ စားသုံးသူကာကွယ်ရေးဆိုင်ရာ

*စာမျက်နှာ ၂၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၄ မှအဆက်*




တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက စေ့စပ်ညှိနှိုင်းပေးမှုအရ တိုင်ကြားသူက အဆိုပါ အခန်းအမှတ်ကို မရပါက အခြားတစ်ခန်းကို ရှိသည့် ဆိုင်ခန်းများအနက်မှ ငွေကျပ်သိန်း (၅၀)လျှော့ပေးလျှင် တိုင်ကြားသူ စိတ်ကြိုက်ရွေးချယ်၍ အစားထိုးဝယ်ယူသွားမည်ဖြစ်ကြောင်း မူလအခန်းအမှတ်အစား အခြား ပြောကြားလာသည့်အတွက် ကုမ္ပဏီမှ အခန်းအား အစားထိုးဝယ်ယူခဲ့ရာ တာဝန်ရှိသူကလည်း သဘောတူညီမှု ကုမ္ပဏီမှငွေကျပ်သိန်း(၅၀)ကို လျှော့ရရှိသဖြင့် ၂၁-၉-၂၀၂၅ ရက်နေ့တွင် ပေးခဲ့သည့်အတွက် တိုင်ကြားသူမှ တိုင်ကြားသူနှင့် တိုင်ကြားခံရသူတို့ ကျေနပ်မှုရရှိခဲ့သဖြင့် တိုင်ကြားမှုကို အား တွေ့ဆုံပြီး ပဲခူးဟံသာဝတီပွဲရုံ စားသုံးသူ ကာကွယ်ရေးဥပဒေအရ နှင့် ကုန်တင်ကားဂိတ်များပါဝင်သော စေ့စပ်ညှိနှိုင်းပေးခြင်းဖြင့် ဖြေရှင်း လက်ကားဈေးကြီးတွင် ရောင်းချလျက် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အွန်လိုင်းမှတစ်ဆင့် အိတ်ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှု အခြေအနေ

ရန်ကုန်တိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးသည် Online Shop တစ်ခု၏ Page တွင် Branded အိတ်စစ်စစ်အဖြစ် Post တင်ပြီး ကြော်ငြာသောကြောင့် မှာယူခဲ့ပါကြောင်း၊ မှာယူပြီး မိမိထံရောက်ရှိချိန်တွင် အိတ်မှာ Error များပါနေသဖြင့် ကျေနပ်မှုမရှိသောကြောင့် စားသုံးသူရေးရာဦးစီး ဌာနသို့ ဆက်သွယ်တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက Online Shop မှ တာဝန်ရှိသူများထံသို့ ဆက်သွယ်အကြောင်းကြားခဲ့သော်လည်း နှစ်ဦးနှစ်ဖက် ပြေလည်မှု မရရှိသောကြောင့် တိုင်ကြားသူနှင့် လုပ်ငန်းရှင်နှစ်ဦးနှစ်ဖက်တို့အား ဌာနသို့ ခေါ်ယူတွေ့ဆုံညှိနှိုင်းပေးခဲ့ရာ လုပ်ငန်းရှင်မှ တိုင်ကြားသူအား အိတ်ဝယ်ယူထားသည့် တန်ဖိုးငွေကျပ် ၂၂၈,၅၀၀/-တိတိကို ဌာနမှ တာဝန်ရှိသူများရှေ့မှောက်တွင် ပေးအပ်ခဲ့ပြီး ယခုဖြစ်စဉ်နှင့်ပတ်သက်၍လည်း တောင်းပန်စကားပြောကြားခဲ့သည့်အပြင် နောင်တွင် ယခုလိုဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့မှုအပေါ် တိုင်ကြားသူမှ ကျေနပ်လက်ခံပါကြောင်း၊ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ လုပ်ငန်းရှင်နှင့် တိုင်ကြားသူများအနေဖြင့် လူမှုကွန်ယက်စာမျက်နှာများတွင် ရေးသားပြောဆိုခြင်းများအား ရှောင်ကြဉ်သွားမည်ဖြစ်ကြောင်း သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီး တိုင်ကြားမှုကို စားသုံးသူကာကွယ်ရေးဥပဒေအရ စေ့စပ်ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | စက်တင်ဘာလ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှု အခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | ဩဂုတ်လ | | | | |
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီး မှူးရုံး | ဩဂုတ်လ ဖြေရှင်း ရန်ကျန် | စက်တင် ဘာလ | ပေါင်း | ဩဂုတ် လ ကျန်မှ | ကုန်စည် | ဝန်ဆောင် မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | ၂ | | | | ၂ | | ၂ | ၂ | | | ၂ | ၂ | ၀ | ၁၀၀.၀၀% |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁ | ၂ | | ၃ | | | ၃ | ၃ | ၆ | ၁ | | ၁ | ၂ | ၄ | ၃၃.၃၃% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂ | ၅ | ၂ | ၃ | ၂ | | ၅ | ၇ | ၁၂ | ၂ | ၁ | ၄ | ၇ | ၅ | ၅၈.၃၃% |
| ၁၀ | မွန်ပြည်နယ် | ၁ | | | ၁ | | | ၁ | ၁ | ၂ | | | | ၀ | ၂ | ၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄ | ၁၀ | ၈ | ၂ | ၁ | ၂ | ၃၇ | ၁၄ | ၅၁ | ၁၄ | | ၁ | ၁၅ | ၃၆ | ၂၉.၄၁% |
| ၁၃ | ရှမ်း(တောင် )တောင်ကြီး | | ၁ | ၁ | | | | | ၁ | ၁ | | | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၄ | ရှမ်း(မြောက် )လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့ )ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | | ၂ | | ၁ | | ၁ | ၂ | ၂ | ၄ | | | | ၀ | ၄ | ၀.၀၀% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | ၁ | | | | ၁ | | ၅ | ၁ | ၆ | ၃ | | | ၃ | ၃ | ၅၀.၀၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | ၁ | | ၁ | | | | ၁ | ၁ | | | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| | စုစုပေါင်း | ၉ | ၂၃ | ၁၂ | ၁၁ | ၄ | ၅ | ၅၃ | ၃၂ | ၈၅ | ၂၀ | ၁ | ၁၀ | ၃၁ | ၅၄ | ၃၆.၄၇% |
| | | ၃၂ | | ၃၂ | | | | | | | | ၁၁ | | | | |

Source: CICC

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေး တို့အတွက် တိုင်းဒေသကြီးအလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကို သက်ဆိုင်ရာမိတ်ဖက်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း **စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာ တစ်နှစ်စာ

*စာမျက်နှာ ၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၂၂ မှအဆက်*

အမှတ်အသားနှင့် ပတ်သက်၍ ပါဝင်သင့်ပါဝင်ထိုက်သော အချက်အလက်များ အွန်လိုင်းရောင်းချခြင်းအတွက် အွန်လိုင်းမှတ်ပုံတင်ပြုလုပ်ရန်နှင့်လုပ်ငန်းရှင်မှ သိရှိလိုသော အချက်အလက်များနှင့် တစ်နေ့တာ ထုတ်လုပ်မှု အခြေအနေ၊ ကုန်ကြမ်းရရှိမှုအခြေအနေ၊ ကုန်ချော ထုတ်လုပ်မှုအခြေအနေများ၊ ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေးနှင့် စီးပွားရေး လုပ်ငန်းရှင်၏တာဝန်များအား ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုင်းတုံမြို့မှ နွဲနောရပ်၊ အ.ထ.က (၅) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာဆရာမများနှင့် ကျောင်းသူ ကျောင်းသားများနှင့် ရပ်ကွက်(၂) ကျိုင်းကားရွာအတွင်းရှိ သောက်ရေသန့်ထုတ်လုပ်ရေးစက်ရုံရှိ ဝန်ထမ်းများ၊ လွိုင်လင်မြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေး (၈)ချက်နှင့် တာဝန်(၄)ချက်၊ စားသုံးသူ နစ်နာဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးနေမှုအခြေအနေ၊ Online Shopping များတွင် ဝယ်ယူသုံးစွဲရာ၌ သတိပြုလိုက်နာရမည့်အချက်များ၊ ရောနှောဆီအပါအဝင် စားသုံးဆီအမျိုးမျိုးကို အသုံးပြုမှုများခြင်းကြောင့် ထိခိုက်နစ်နာနိုင်ခြေမြင့်မားသည့်အချက်များနှင့် ဆေးလိပ်နှင့်



ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမှုအနေဖြင့် ကျိုင်းတုံမြို့ရပ်ကွက်(၃) စွန်မိုင်၊ မုန့်တီခြောက်လုပ်ငန်းရှင်နှင့် မိုင်းဆတ်မြို့၊ ဆိုက်ခေါင်ရှိ သောက်ရေသန့်လုပ်ငန်းရှင်များ၊ လွိုင်လင်မြို့ပေါ်ရှိ သောက်ရေသန့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်နှင့် ကုန်စည် ဝန်ဆောင်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စီးပွားရေး လုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် တာဝန်ယူမှုနှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ သိသာထင်ရှားစွာ ဖော်ပြရမည့်အချက်များ၊ တားမြစ်ချက်များနှင့် ပြစ်မှု၊ ပြစ်ဒဏ်များတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

စာမျက်နှာ ၂၁ မှအဆက်

(၂)ကျောင်း၊ အ. ထ. က ခွဲ (၃)ကျောင်း၊ ခ. မ. ရ (၂၀၁) တပ်ရင်း၊ အ. ထ. က (၅)ကျောင်း၊ အ. ထ. က (၃)ကျောင်း၊ အ. ထ. က (၁)ကျောင်းနှင့်အ. လ. က (၄)ကျောင်းတွင်လည်းကောင်း၊ မြဝတီမြို့ အ. လ. က (၂) ကျောင်းနှင့် အ. ထ. က (၄)ကျောင်း၊ ဘားအံမြို့၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Talk Show ကျင်းပပြုလုပ်ခဲ့ပြီး ဆန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် မြဝတီမြို့၌ ဝဥလုပ်ငန်းရှင်များနှင့် သွားရောက်တွေ့ဆုံ၍ ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများ စီးပွားရေးလုပ်ငန်းရှင်များ စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များအကြောင်း၊ စားသုံးသူနစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ တိုင်ကြားနိုင်သည့်နည်းလမ်းများ အကြောင်းကိုအသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ် ရှင်စောပုရပ်ကွက်(၂) အ. ထ. က (ခွဲ) ကျောင်း၊ မော်လမြိုင်မြို့နယ် အ. ထ. က (၁၂) ကျောင်း နှင့် အ. လ. က(၃) ကျောင်း၊ ချောင်းဆုံမြို့နယ်၊ အ. မ. က (ကညော်) နှင့် (မုလွန်-ကတောင်စိန်) ကျောင်း၊ မုဒုံမြို့နယ် အ. မ. က (ကန်ကြီး)ကျောင်းနှင့် သထုံခရိုင် သထုံမြို့နယ် အ. လ. က (အောင်မြင်ရွှေဘုံ) ကျောင်းနှင့် အ. ထ. က(၁)ကျောင်း၊ ဘီလင်းမြို့နယ် အ. မ. က မြို့သစ်ကျောင်းတို့၌ စားသုံးသူအခွင့်အရေးနှင့်




တာဝန်များ၊ စားသုံးသူ ထိခိုက်နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်းနှင့် အွန်လိုင်းရောင်းချမှုဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ မော်လမြိုင်ခရိုင်ရှိ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ သထုံခရိုင်ရှိ ကျိုက်ထိုမြို့နယ်၊ ဘီလင်းမြို့နယ်၊ ပေါင်မြို့နယ်များရှိ မြို့နယ်တာဝန်ခံတို့သည် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူအသိပညာပေး Talk Show အစီအစဉ်များလည်း ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမှုအနေဖြင့် မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ် ရွှေတောင်ရပ်ကွက်ရှိ ပဲကြော်လုပ်ငန်းရှင်၊ မုဒုံမြို့နယ်တာဝန်ခံရုံး၌ စားအုန်းဆီရောင်းချသည့်လုပ်ငန်းရှင်များ၊ ချောင်းဆုံမြို့နယ် ခေါက်မုန့်ရောင်းချသည့်လုပ်ငန်းရှင်နှင့် ယိုမျိုးစုံရောင်းချသည့်လုပ်ငန်းရှင်နှင့် သထုံမြို့နယ် နတ်ကျွန်းကြီးလမ်း လိပ်အင်းရပ်ကွက်ရှိ အမှတ်တံဆိပ် ယိုးဒယားအချဉ်ရည်ဘူးမျိုးစုံလုပ်ငန်းရှင်၊ ကျိုက်ထိုမြို့နယ် ကင်းမွန်းစခန်း၊ တောင်ကလေးကျေးရွာရှိ သောက်ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေတွင် ပါဝင်သော ကုန်အညွှန်း

စာမျက်နှာ ၂၃ ကော်လံ ၁ သို့



စာမျက်နှာ ၆ မှအဆက်

အတွင်း ဦးစားပေးဆောင်ရွက်ရန် အသင့်သောက်အချိုရည်၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ကလေးကစားစရာအရုပ်နှင့် ပစ္စည်းအမျိုးမျိုး၊ သွားတိုက်ဆေးအမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၇) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ ဆေးဆိုင်များ၊ အလှကုန်ဆိုင်များ၊ မြင့်မိုရ်ဦးသောက်ရေသန့် စက်ရုံ၊ စည်ပင်သာယာဈေးကြီး၊ ကုန်တိုက်များ၊ ကုန်စုံဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ ကျောင်းမုန့်ဈေးတန်းများ၊ Mini Mart များ၊ ဆေးဆိုင်များ၊ ကော့သောင်းမြို့ပေါ်ရှိ ကျောင်းမုန့်ဈေးတန်းများ၊ White Shark သောက်ရေသန့်စက်ရုံနှင့်စတိုးဆိုင်များအား သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာဝယ်ယူစားသုံးနိုင်စေရန် အတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဆေးဈေးနှုန်းများ၊ ဆန်ဈေးနှုန်းများနှင့်ဆန်လက်ကျန်အခြေအနေများ စုံစမ်းစစ်ဆေးခြင်း၊ စားသုံးဆီ အမှတ်တံဆိပ်များအား စစ်ဆေးခြင်း၊ သင်္ဘောဖြင့် ဝင်ရောက်လာသော စားသောက်ကုန်များနှင့် ဘိလပ်မြေများအား စစ်ဆေးခြင်း၊ ကုန်ညွှန်းအမှတ်အသားဖော်ပြမှု ရှိ-မရှိနှင့် သက်တမ်းလွန်ကုန်စည်များ ရောင်းချနေမှု ရှိ-မရှိ စစ်ဆေးခြင်း၊ ဓာတ်မြေဩဇာ ဈေးနှုန်းများ၊ သက်ဆိုင်ရာ ထောက်ခံချက်များ မပါရှိသည့် စားသုံးဆီများ ရောင်းချနေမှုများ ရှိ-မရှိ စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ ဝေါမြို့နယ်၊ တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်များရှိ မြို့မစည်ပင်သာယာဈေးနှင့် ရပ်ကွက်ကုန်စုံဆိုင်များ၊ mini market များ၊ စတိုးဆိုင်များ၊ အလှကုန်ပစ္စည်းဆိုင်များ၊ ပြည်ခရိုင်ရှိ



အောင်မင်္ဂလာဈေး၊ ဥသျှစ်ပင်စည်ပင်ဈေးနှင့် ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာဈေး၊ ရွှေတောင်မြို့ ရပ်ကွက်ကုန်စုံဆိုင်များ၊ mini market များ၊ စတိုးဆိုင်များ၊ သာယာဝတီမြို့ မြို့မဈေး၊ ကြို့ပင်ကောက်မြို့၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖိုမြို့၊ မိုးညိုမြို့ရှိ စည်ပင်သာယာဈေးများ၊ ရပ်ကွက်ကုန်စုံဆိုင်များ၊ ညောင်လေးပင်ခရိုင်အတွင်း ပြွန်တန်ဆာမြို့နယ်၊ ကျောက်တံခါးမြို့နယ်များရှိ စည်ပင်သာယာဈေးများ၊ ရပ်ကွက်ကုန်စုံဆိုင်များ၊ နတ်တလင်းခရိုင်အတွင်း ပေါင်းတည်မြို့၊ နတ်တလင်းမြို့၊ သဲကုန်းမြို့နယ် ရပ်ကွက်ကုန်စုံဆိုင်များ၊ ပြည်ခရိုင်၊ ပြည်မြို့နယ်တွင် မြို့မဈေးရှိ ကုန်စုံဆိုင်များနှင့် ရွှေကူရပ်ကွက် ကုန်စုံဆိုင်များ၊ ရွှေတောင်မြို့နယ်တွင် ယွန်းတန်းရပ်ကွက်ကုန်စုံဆိုင်များနှင့်တည်ကုန်းတောင်ပိုင်းကုန်စုံဆိုင်များ၊ ပန်းတောင်းမြို့နယ်တွင် ဥသျှစ်ပင်ဈေး ကုန်စုံဆိုင်များ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့

*စာမျက်နှာ ၇ မှအဆက်*



ပန်းတောင်းဈေး ကုန်စုံဆိုင်များနှင့် ပန်းတောင်းမြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ ပေါက်ခေါင်းမြို့နယ်တွင် မြို့မဈေး ကုန်စုံဆိုင်များနှင့် အမှတ်(၃)ရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ ပြည်ခရိုင်၊ ပြည်မြို့နယ်တွင် ဘုရင့်နောင်လမ်းမကြီး၊ နဝဒေး လမ်းဆုံရှိ သောက်ရေသန့်လုပ်ငန်း၊ ဈေးကြီး (၅) ရုံရှိ ကရေကရာလုပ်ငန်း၊ သိမ်လမ်း၊ အမှတ်(၆၂၃) ၊ ဆင်စု ရပ်ကွက်ရှိ ဖျော်ရည်လုပ်ငန်း၊ (၁၄) လမ်း၊ အောင်ဆန်းပြည်သာယာ ရပ်ကွက်၊ အပိုင်း(၃)ရှိ မလိုင်လုံး လုပ်ငန်း၊ အမှတ်(၂၁)၊ F လမ်း၊ အောင်ဆန်းပြည်သာယာရပ်ကွက်ရှိ ချက်နို့ဆီလုပ်ငန်း၊ မအူရွာ၊ ဆင်စု ရပ်ကွက်ရှိ မလိုင်လုံးလုပ်ငန်း၊ အောင်ဆန်းတိုးချဲ့ရပ်ကွက်ရှိ ပေါင်မုန့် လုပ်ငန်း၊ အောင်ဆန်း ပြည်သာယာ ရပ်ကွက်ရှိ ငှက်သိုက်လုပ်ငန်းများသို့ သွားရောက်၍ စားသုံးဆီများ၊ စက်သုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သောဈေးနှုန်းများဖြင့် ရောင်းချခြင်း ရှိ-မရှိ၊ မိမိတို့ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်စည်များတွင် အရည်အသွေး၊ အလေးချိန်၊ အချိန်အတွယ်၊ ပမာဏနှင့်အမျိုးအစားများ မှန်ကန်စွာဖြန့်ဖြူးရောင်းချမှု ရှိ-မရှိ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး အနေဖြင့်** တိုင်းဒေသကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန် သုံးစွဲရန်မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ စည်ပင်သာယာဈေးတွင် (၁၇) ကြိမ်၊ မြို့ပေါ်ရှိရပ်ကွက်များတွင် (၃၂) ကြိမ်၊ စက်ရုံအလုပ်ရုံများတွင် (၂၂) ကြိမ်၊ ကျောင်းမုန့်ဈေးတန်းများတွင် (၂) ကြိမ်၊ စုစုပေါင်း (၇၃) ကြိမ်နှင့် အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စက်သုံးဆီအရောင်းဆိုင်များတွင် (၂) ကြိမ်၊ စားသုံးဆီအရောင်းဆိုင်များတွင် (၁၂) ကြိမ်၊ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များတွင် (၆) ကြိမ်၊ စုစုပေါင်း (၂၀) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင် (၁၄) ဦးမှ တင်ပြလာသော ကုန်စည်အမျိုးအစား (၇၆) မျိုးတို့အား စားသုံးသူကာကွယ်ရေးဥပဒေနှင့် ကိုက်ညီမှု ရှိ-မရှိ စိစစ်၍ ကိုက်ညီမှုရှိကြောင်း အတည်ပြုပြန်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး အနေဖြင့်** ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ မြစ်သားမြို့၊ တံတားဦးမြို့နှင့် ပြင်ဦးလွင်မြို့နယ်ရှိ စားအုန်းဆီ အရောင်းဆိုင်များ၊ ကူမဲမြို့ အ.ထ.က ကျောင်းရှိ မုန့်ဈေးတန်းများ၊ ကျောက်ဆည်မြို့ပေါ်ရှိ ရေချိုးဆပ်ပြာရည်လုပ်ငန်း၊ သောက်ရေသန့်လုပ်ငန်း၊ ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များ၊ မြင်းခြံမြို့ပေါ်ရှိ ဆေးဆိုင်များ၊ ညောင်ဦးမြို့နယ်ရှိ ပဲကြော်နှင့် ကိတ်မုန့်လုပ်ငန်းများ၊ ကျောက်ပန်းတောင်းမြို့ မြို့မစည်ပင်သာယာဈေး

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၂၀ မှ အဆက်*

MM Link ရုံးမှ ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာကိစ္စရပ်များ၊ Online Sale မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအကြောင်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့၊ ဇရာရပ်ကွက်၊ အမှတ်(၁) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် ခရိုင်ပညာရေးမှူးရုံး၌ TOT သင်တန်းတက်ရောက်နေသော ဆရာ/ဆရာမများ၊ မိုးညှင်းမြို့နယ်၊ နန်းမားမြို့၊ အခြေခံပညာမူလတန်းကျောင်း၊ အောင်ချမ်းသာရပ်ကွက်ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ အွန်လိုင်းမှတ်ပုံတင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်နှင့် ဇရာရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ အောင်နန်းရပ်ကွက်ရှိ အိမ်ဆောက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်ရှိ ဆိုင်ကယ်အပိုပစ္စည်း အမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် နမီးစုရပ်ကွက်ရှိ ဆံပင်ညှပ်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းများအား စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်စည်/ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ သိသာထင်ရှားစွာ ဖော်ပြရမည့်အချက်များ၊ တားမြစ်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကယားပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ကျင်းပပြုလုပ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့်ကျေးလက်နေ မိသားစုဝင်ငွေ တိုးတက်ရေး စီမံကိန်း အကောင်အထည်ဖော်ရေး ကျေးရွာကော်မတီဝင်များအားစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်း၌ သင်တန်းသား/ သင်တန်းသူများအား စားသုံးသူကာကွယ်ရေးဥပဒေအကြောင်းကို အသိပညာပေးဟောပြော ဆွေးနွေးခဲ့ကြောင်းသိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြဝတီမြို့၊ အ.မ.က ရွှေကင်းကျောင်း၊ ဘားအံမြို့၊ အ.ထ.က ခွဲ

*စာမျက်နှာ ၂၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၉ မှ အဆက်*

ပုဇွန်တောင်မြို့နယ်ရှိ စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်၊ ရန်ကင်းမြို့ နယ်ရှိ Internet ဝန်ဆောင်မှုလုပ်ငန်းရှင်၊ လှိုင်သာယာမြို့နယ်ရှိ J & M Mayson Co., Ltd. နှင့် ဆပ်ပြာလုပ်ငန်းရှင်၊ ကျောက်တံတားမြို့နယ်နှင့် လသာမြို့နယ်တို့ရှိ မုန့်တိုက်လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ကုန်ပစ္စည်းများတွင် သိသာထင်ရှားစွာဖော်ပြရန်နှင့် ပြည့်စုံမှန်ကန်စွာ ဖော်ပြနိုင်ရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကျုံပျော်မြို့ရှိ အ. လ. က (ခွဲ) ကျောင်း၊ ကန်ကြီးထောင့်မြို့ရှိ စိုက်/မွေးသင်တန်းကျောင်း၊ ဖျာပုံမြို့ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြောင်းမြမြို့ ကြောင်စုကျေးရွာရှိ အ. မ. က ကျောင်း၊ မအူပင်မြို့ ထန်းပင်ကွေ့ ကျေးရွာရှိ အ. ထ. က ကျောင်း၊ အင်းမကျေးရွာရှိ အ. ထ. က ကျောင်းတို့မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ အွန်လိုင်းမှတ်ပုံတင် ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့အတူ ကျုံပျော်မြို့နယ်၊



မြောင်းမြမြို့နယ်၊ မအူပင်မြို့နယ်နှင့် ဖျာပုံမြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာ Talk Show အစီအစဉ်များ ပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးမှုအနေဖြင့် ပုသိမ်မြို့ရှိ ဆီလုပ်ငန်းရှင်များ၊ ဒေးဒရဲမြို့ရှိ ကုန်မျိုးစုံလုပ်ငန်းရှင်များ၊ ဖျာပုံမြို့ မြို့မဈေးရှိ လက်ဖက်နှင့်ပဲကြော်ဆိုင်နှင့် ကုန်စုံဆိုင်၊ ဖျာပုံမြို့နှင့် ကျိုက်လတ်မြို့နယ်ရှိ ဆန်စက်ပိုင်ရှင်များအား စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ သိသာထင်ရှားစွာ ဖော်ပြရမည့်အချက်များ၊ တားမြစ်ချက်များ၊ ဆန်စပါးအရည်အသွေး ထုတ်လုပ်မှုပြည့်မီရေး၊ အချိန်အတွယ်များ ပြည့်မီစေရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့်** ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာရှိ အ. ထ. က ကျောင်းနှင့် ရတနာဒီပရပ်ကွက်ရှိ အ. လ. က ကျောင်းတို့ရှိ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများ၊ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပျဉ်းမနားမြို့ ပေါင်းလောင်း (၄) လမ်းရှိ

*စာမျက်နှာ ၂၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှအဆက်*

အတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချနေသော အသင့်စားမုန့်အမျိုးမျိုး၊ စတိုးဆိုင်များရှိ အလှကုန်ပစ္စည်းများနှင့် ဆေးဆိုင်များအား ကုန်အညွှန်းအမှတ်အသားပြည့်စုံမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ရမည်းသင်းမြို့ရှိ ဈေးကွက်အတွင်း ရောင်းချနေသော စက်သုံးဆီအရောင်းဆိုင်များအား သတ်မှတ်ထားသော အချိန်အတွယ်နှင့်အရည်အသွေးစံချိန်စံညွှန်းပြည့်မီခြင်းရှိ-မရှိ MSME နှင့် စက်မှုလုပ်ငန်းများအတွက် စက်သုံးဆီလိုအပ်ချက်များဝယ်ယူရာတွင် အဆင်ပြေစေရေးနှင့် စက်သုံးဆီများပြတ်လပ်မှုရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဈေး၊ အရှေ့ဒဂုံမြို့နယ်ရှိ အရှေ့ဒဂုံ (၂)ဈေး၊ လှိုင်မြို့နယ်ရှိ လှိုင်ဈေးကြီး၊ ကမာရွတ်မြို့နယ်ရှိ လှည်းတန်းဈေး၊ တိုက်ကြီးမြို့နယ်ရှိ မြို့မဈေး၊ မှော်ဘီမြို့နယ်ရှိ မြို့မဈေး၊ လှည်းကူးမြို့နယ်ရှိ မြို့မဈေးတို့တွင် ရောင်းချနေသော ကုန်စုံဆိုင်များ၊ မင်္ဂလာဒုံမြို့နယ်ရှိ Terminal-M (Ocean)၊ မရမ်းကုန်းမြို့နယ်ရှိ Junction 8 နှင့် လှိုင်သာယာမြို့နယ်ရှိ Super One အစရှိသည့် SuperMarket (၃) ခုနှင့် ကွမ်းခြံကုန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ ကော့မှူးမြို့နယ်၊ တွံတေးမြို့နယ်၊ ဒလမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ရှိ စာသုံးဆီဆိုင်များ၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်တို့ရှိ ကျောင်းမုန့်ဈေးတန်းများ၊ တောင်ဒဂုံမြို့နယ်၊ ဒေါပုံမြို့နယ်၊ လသာမြို့နယ်၊ လှိုင်သာယာမြို့နယ်တို့ရှိ စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်ရောင်းချနေသော စက်ရုံအလုပ်ရုံများ၊ အင်းစိန်မြို့နယ် အင်းစိန်ဈေးရှိ ဆန်ဆိုင်နှင့် လှိုင်သာယာမြို့နယ်ရှိ ဆန်အရောင်းဆိုင်၊ လှိုင်သာယာမြို့နယ် ဇုန် (၂) ရှိ Ocean Super Center နှင့် ကျန်စစ်မင်းအိမ်ရာရှိ City Mart၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေပြည့်စုံဈေးရှိ သစ်ခွဆေးဆိုင်နှင့် ဆေးဆိုင်များသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာဌာနထောက်ခံချက်နှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှုရှိ-မရှိ၊ ရည်ညွှန်းဈေးနှုန်းအတိုင်းရောင်းချခြင်း ရှိ-မရှိ၊ ဈေးနှုန်းမြင့်တင်ရောင်းချဖြန့်ဖြူးခြင်း ရှိ-မရှိ၊ ဈေးကစားရန်အလို့ငှာ ဆန်များသိုလှောင်ထားခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သာပေါင်းမြို့ လှေကြီးတက်ကျေးရွာရှိ စက်သုံးဆီဆိုင်၊ ငါးသိုင်းချောင်းမြို့ရှိ ကျောင်းမုန့်ဈေးတန်းများ၊ မော်လမြိုင်ကျွန်းမြို့နယ် ကဝဲချောင်းကျေးရွာ အ. ထ. က (ခွဲ) ကျောင်းရှိ မုန့်ဈေးတန်း၊ ညောင်တုန်းမြို့ ငှက်ထိုးကျေးရွာရှိ ငှက်ပျော်ကြော်လုပ်ငန်း၊ ဓနုဖြူမြို့ (၁၁) ရပ်ကွက်ရှိ မရွှေလုပ်ငန်းတို့အား ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ပြီး စက်တင်ဘာလအတွင်း ဈေး (၃၂) ကြိမ်၊ ရပ်ကွက်ကုန်စုံဆိုင် (၅၆) ကြိမ်၊ စက်ရုံ အလုပ်ရုံ (၇) ကြိမ်၊ ဆေးဆိုင် (၁) ကြိမ်၊ ကျောင်းမုန့်ဈေးတန်း (၇) ကြိမ်၊ အခြား (၅) ကြိမ် စုစုပေါင်း (၁၀၈) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များ အလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် စက်တင်ဘာလ အတွင်း

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်၊ မန်ခိန်ရပ်ကွက်၊ ယုဇနရပ်ကွက်၊ အောင်နန်းရပ်ကွက်၊ ခေမာသီရိရပ်ကွက်၊ ရွှေစက်ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များ၊ အမှတ် (၁) အ. ထ. က ကျောင်းမုန့်ဈေးဆိုင်များ၊ စည်ပင်သာယာဈေး တိုက်တန်းရှိ ကုန်စုံဆိုင်များ၊ စက်မှုဇုန်ရပ်ကွက်ရှိ သောက်ရေသန့်စက်ရုံ၊ မန်ခိန်ရပ်ကွက်နှင့် ရမ်ပူရပ်ကွက်ရှိ ဆေးဆိုင်များ၊ ဒူကထောင်ရပ်ကွက်ရှိ စတိုးဆိုင်များနှင့် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်၊ စိမ်းမြောက်ရပ်ကွက်၊ နားခါထောင်ရပ်ကွက်၊ သီတာ ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များနှင့် အမှတ် (၁) စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင်၊ စိမ်းမြောက်ရပ်ကွက်ရှိ ဆေးဆိုင်၊ မြို့မရပ်ကွက်ရှိ စတိုးဆိုင်၊ ရွာသစ်ကုန်း ကျေးရွာ ရှိ ဇွဲမဟာသောက်ရေသန့်စက်ရုံနှင့် နန်းမားမြို့၊ အ. မ. က ကျောင်းရှိ ကျောင်းမုန့်ဈေးဆိုင်သို့ သွားရောက်၍ အသင့်စားမုန့်အမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းမုန့်အမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ အသင့်သောက် အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲ ခြောက်ထုပ်အမျိုးမျိုး၊ ငရုတ်ဆီနှင့်အချဉ်ရည်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးနှင့်ဖြည့်စွက်စာအမျိုးမျိုး၊ သောက်ရေသန့်တို့ကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားခြင်းရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီ ဆေးဝါးများ ဈေးကွက်အတွင်းရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ ဈေး (၂) ကြိမ်၊ ရပ်ကွက်ကုန်စုံဆိုင် (၁၄) ကြိမ်၊ စက်ရုံအလုပ်ရုံ (၂) ကြိမ်၊ ဆေးဆိုင် (၃) ကြိမ်၊ ကျောင်းမုန့်ဈေးဆိုင် (၂) ကြိမ်၊ အခြား (၂) ကြိမ် စုစုပေါင်း (၂၅) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် အရန်သင့်အစားအစာအမျိုးမျိုး လက်လီလက်ကား ရောင်းချနေသော ကုန်စုံဆိုင်များ၊ အိမ်သုံးဆေးဝါးများ

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၈ မှ အဆက်*

ကျောင်း၊ သာစည်မြို့နယ်ရှိ အ. လ. က (ကြက်မောက်) ကျောင်း၊ ညောင်ဦးမြို့နယ်ရှိ ရွှေဂူမိဘမဲ့ ပရဟိတစာသင် ကျောင်း၊ ကျောက်ပန်းတောင်းမြို့ရှိ စံပြမူလွန်ကျောင်း၊ မြစ်သားမြို့နယ်ရှိ အ. ထ. က (ကူမဲ) ကျောင်းတို့မှ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများ၊ စဉ့်ကိုင်မြို့နယ် သပြေရိုးကျေးရွာရှိ စားသုံးသူပြည်သူများ၊ ကူမဲမြို့ အမှတ်(၅) ရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များရှိ စက်ရုံ အလုပ်ရုံများတွင် စားသုံးသူပြည်သူများအား စားသုံးသူများ လိုက်နာရမည့်တာဝန်နှင့် အခွင့်အရေးများ၊ စားသုံးသူ နစ်နာမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ အကြောင်းနှင့် Consumer Cell Center (၁၅၃၅) သို့ ဆက်သွယ်မေးမြန်းတိုင်ကြားနိုင်ပါကြောင်း ဆွေးနွေး ပြောကြားခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တွံတေးမြို့ရှိ မူလွန်ကျောင်း၊ ခရမ်းမြို့နယ်ရှိ (လက်ပန်းတန်း) မူလွန်ကျောင်းနှင့် (ကရင်ကန်) မူလွန်ကျောင်း၊ ကွမ်းခြံကုန်းမြို့နယ်ရှိ အ. ထ. က (တော်လန်း) ကျောင်းနှင့် အ. မ. က (မရမ်း) မူလွန်ကျောင်း၊ သုံးခွမြို့နယ်ရှိ (မြို့မ) အ. ထ. က ကျောင်း၊ အ. မ. က (၁) မူလွန်ကျောင်း၊ အ. မ. က (၅) မူလွန်ကျောင်းနှင့် အ. မ. က (ကရင်စု) မူလွန်ကျောင်း၊ တိုက်ကြီးမြို့နယ်ရှိ အ. မ. က (ကျောင်းစု) မူလွန်ကျောင်း၊ လှည်းကူးမြို့နယ်ရှိ အ. မ. က (အောင်သုခ) မူလွန်ကျောင်း၊ မရမ်းကုန်းမြို့နယ်ရှိ အ. မ. က (၁၇)




မူလွန်ကျောင်းနှင့် အ. လ. က (၄) မူလွန်ကျောင်း၊ ကမာရွတ်မြို့နယ်ရှိ အ. မ. က (၂) မူလွန်ကျောင်း၊ မှော်ဘီမြို့နယ်ရှိ အ. မ. က (ကွက်သစ်) မူလွန်ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မြန်မာ့လက်မှုအနုပညာ စင်တာသင်တန်းတို့မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကွမ်းခြံကုန်းမြို့နယ် ပိန္နဲကုန်းကျေးရွာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မင်္ဂလာတောင်ညွန့်ဈေးနှင့် တောင်ဒဂုံမြို့နယ်ရှိ အမှတ်(၂)ဈေး၊ ဗိုလ်တထောင် မြို့နယ်ရှိ ဘိုကလေးဈေး၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ စားသုံးသူပြည်သူများအား စားသုံးသူများ လိုက်နာရမည့် တာဝန်များ၊ တောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ တိုင်ကြားနိုင်သည့်နေရာနှင့်နည်းလမ်းများ၊ ဖြေရှင်း ဆောင်ရွက်ပေးခဲ့မှုများအား အသိပညာပေးဟောပြော ဆွေးနွေးခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှု များကိုလည်း ကွမ်းခြံကုန်းမြို့နယ်၊ သန်လျင်မြို့နယ်နှင့် သုံးခွမြို့နယ်တို့တွင်ရှိသော စားအုန်းဆီကိုယ်စားလှယ်များ၊ အင်းစိန်မြို့နယ်ရှိ Food & Snacks လုပ်ငန်းရှင်၊ ဖက်ရှင်ရှော့လုပ်ငန်းရှင်၊ အလှကုန်လုပ်ငန်းရှင်နှင့် ဖက်ရှင် လုပ်ငန်းရှင်၊ မင်္ဂလာဒုံမြို့နယ်ရှိ Clothing လုပ်ငန်းရှင်၊

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၇ မှ အဆက်*

ဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့်အချက်များ၊ စီးပွားရေးကျင့်ဝတ်၊စည်းကမ်းနှင့်အညီ ထုတ်လုပ်ရောင်းချမှုရှိစေရေး၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုရာတွင် နစ်နာဆုံးရှုံးမှုများဖြစ်လာပါက တိုင်ကြားနိုင်သည့် အကြောင်းအရာများ အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ချောက်မြို့၊ မြို့သစ်မြို့၊ ရေနံချောင်းမြို့၊ တောင်တွင်းကြီးမြို့၊ စလင်းမြို့များ၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့များရှိ အ. ထ. က၊ အ. လ. က၊ အ. မ. က ကျောင်းများနှင့် ဓမ္မစကူးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများ၊ ပခုက္ကူမြို့၊ ပွင့်ဖြူမြို့၊ တောင်တွင်းကြီးမြို့၊ မင်းဘူးမြို့နှင့် စလင်းမြို့ ရွာမှတ်ကျေးရွာရှိ မိဘပြည်သူများ၊ အောင်လံမြို့ စည်ပင်ဈေးရှိ မိဘပြည်သူများ၊ ဆင်ပေါင်ဝဲမြို့ စည်ပင်လှကျေးရွာရှိ မိဘပြည်သူများ၊ သရက်မြို့၊ မင်းလှမြို့၊ မင်းဘူးမြို့နှင့် စလင်းမြို့များရှိ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခဲ့ကြောင်း၊ ထို့အပြင် ချောက်မြို့၊ သရက်မြို့၊ ကံမမြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး ခြင်းအနေဖြင့် မကွေးမြို့၊ မြို့သစ်မြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့၊ တောင်တွင်းကြီးမြို့၊ သရက်မြို့၊ ဆင်ပေါင်ဝဲမြို့၊ အောင်လံမြို့၊ မင်းလှမြို့၊ ကံမမြို့၊ ပွင့်ဖြူမြို့နှင့် သရက်မြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့်စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း အသိပညာပေးခြင်း၊ မကွေးမြို့နှင့် ရေနံချောင်းမြို့၊ စလင်းမြို့နှင့် ပွင့်ဖြူမြို့များရှိ ဆန်ရောင်းချသည့်လုပ်ငန်းရှင်များအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေးနှင့် လုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်နှင့်တားမြစ်ချက်များအား အသိပညာပေးခြင်း၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ရေနံချောင်းမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ သရက်မြို့၊ ကံမမြို့၊ အောင်လံမြို့၊ ပခုက္ကူမြို့ရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ ဆိပ်ဖြူမြို့ရှိ သောက်ရေသန့်ရောင်းချသည့်လုပ်ငန်းရှင်တို့အား စားသုံးဆီများထားသိုရာတွင် သန့်ရှင်းမှုရှိစေရေးနှင့် သတ်မှတ်အချိုးအစားအတိုင်း Label ကပ်၍ ရောင်းချရေး၊ ကုန်အညွှန်းအမှတ်အသားဖော်ပြစေရေး အသိပညာပေးခြင်း၊ မကွေး မြို့၊ ရေနံချောင်းမြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ မြို့သစ်မြို့၊ သရက်မြို့များရှိ ဆေးနှင့် ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်များအား တားမြစ်ထားသော ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချမှုမရှိစေရေး၊ သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အ. ထ. က (၃၈)၊ (၃၃) နှင့် (၃၇) ကျောင်းများနှင့် အ. ထ. က (ခွဲ) ၁၄

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှ အဆက်*

ရောင်းချနေသော ဆေးဆိုင်များအား ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်များနှင့် ပြည့်စုံမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထို့အပြင် လွိုင်ကော်မြို့ ဈေးကွက်အတွင်းရှိ ဆေးဆိုင်နှင့် ကုန်စုံဆိုင်များတွင် “DUMEX DUPRO” အမှတ်တံဆိပ် ကလေးငယ်ဖော်စပ်စာအတုများ ရောင်းချနေခြင်း ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြဝတီမြို့နှင့် ဘားအံမြို့ရှိ ကျောင်းမုန့်ဈေးဆိုင်များ၊ ဆေးဆိုင်များ၊ သောက်ရေသန့်စက်ရုံ၊ ရပ်ကွက်လက်လီဆိုင်များ၊ စက်ရုံအလုပ်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ တရားဝင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ သက်တမ်းလွန်နေသော ဆေးဝါးများနှင့် တရားမဝင်လမ်းကြောင်းမှဝင်ရောက်လာသည့် ဆေးဝါးများကို တင်သွင်းရောင်းချဖြန့်ဖြူးခြင်း ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ညွှန်ကြားချက်နှင့် ကိုက်ညီမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့ရှိ ကုန်စုံဆိုင်၊ မုဒုံမြို့မဈေး၊ ကျိုက်မရော မြို့မဈေး၊ ချောင်းဆုံမြို့နယ် အမှတ် (၁) မြို့မဈေး၊ သထုံမြို့နယ် မြို့မဈေး၊ ကျိုက်ထိုမြို့နယ်ပေါ်ရှိ စတိုးဆိုင်များ၊ ဘီလင်းမြို့ ပေါ်ရှိ ကုန်စုံဆိုင်များ၊ ပေါင်မြို့နယ် မင်္ဂလာဈေးရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော စားသုံးဆီအမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံမှု ရှိ-မရှိ၊ ရောနှောဆီများ ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထို့ပြင် မုဒုံမြို့နယ် ရွှေဟင်္သာဈေးနှင့် မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်များ၌ စားအုန်းဆီဖြန့်ဖြူးရောင်းချလျက်ရှိသော ဆိုင်များ၊ မော်လမြိုင်မြို့နယ် မရမ်းကုန်းရပ်ကွက်၊ အောင်သုခရပ်ကွက်၊ ဇေယျာ (၁) ရပ်ကွက်၊ ရွှေပြည်စိုးရပ်ကွက်၊ ဖက်တန်းရပ်ကွက်၊ လမုတန်းဈေး၊ မောင်ငံကွင်းရပ်ကွက်၊ ဒိုင်းဝန်ကွင်းဈေးတို့ရှိ ကုန်စုံဆိုင်များတွင် စားအုန်းဆီများကို သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ-မရှိ၊ အလေးချိန်ပြည့်ဝမှန်ကန်စွာ ရောင်းချမှု ရှိ-မရှိ၊ ခွဲတမ်းရရှိသည့်အတိုင်း ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မုဒုံမြို့နယ်ရှိ ဆန်ဆိုင်များနှင့် ဆေးဆိုင်များ၊ ချောင်းဆုံမြို့နယ် မူလွန်ကတောင်စိန်နှင့်အ. မ. က (ကညော်) ကျောင်းရှိ ကျောင်းမုန့်ဈေးတန်း၊ မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက်ပွဲရုံနှင့် အမှတ် (၁) ဈေးကြီးအတွင်းရှိ ဆန်ဆိုင်များနှင့် မော်လမြိုင်မြို့ပေါ်ရှိ ဆေးဆိုင်များ၊ ကျိုက်ရောမြို့ပေါ်ရှိ ဆန်ဆိုင်ကြီးများ၊ ဆန်ဂိုဒေါင်များနှင့် ဆေးဆိုင်များ၊ သထုံမြို့နယ် မြို့မဈေး၊ ကျိုက်ထို မြို့နယ်အတွင်းရှိ ဆေးဝါးအရောင်းဆိုင်များနှင့် မြို့ပေါ်ရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ ဘီးလင်းမြို့ ကန်သာယာရပ်ကွက် နီလာဈေးအတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုးများတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားမှု ရှိ-မရှိ၊ အိမ်သုံးဆေးဝါးနှင့် ဆန်များ ဈေးနှုန်းမြှင့်တင် ရောင်းချမှု ရှိ-မရှိ၊

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှ အဆက်*

သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှု ရှိ-မရှိ စျေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မော်လမြိုင်မြို့နယ်အတွင်းရှိ မောင်ငံစျေး၊ သံလွင်စျေး၊ ထားဝယ်စုစျေးနှင့် သာယာအေးစျေးတို့တွင် ဖော်မလင် ပါဝင်သော ပဲသွေးများ ရောင်းချမှု ရှိ-မရှိ၊ မော်လမြိုင်မြို့နယ် အမှတ် (၁) စျေးကြီးအတွင်းရှိ စျေးဆိုင်များနှင့် မုဒုံမြို့နယ်အတွင်းရှိ စျေးဆိုင်များ၊ ဘီးလင်းမြို့နယ်အတွင်းရှိ ကုန်မျိုးစုံရောင်းချသောဆိုင်များနှင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ အရောင်းဆိုင်များတွင် DUMEX DUPRO အမှတ်တံဆိပ် ကလေးငယ်ဖော်စပ်စာအတုများ ရောင်းချနေမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုင်းတုံမြို့ရှိ မြို့မစျေးကြီးတွင်းရှိ ကုန်စုံဆိုင်များ၊ အ. ထ. က (၃) နှင့် အ. ထ. က (၅) ကျောင်းတို့ရှိ ကျောင်းမုန့်ဆိုင်များ၊ ရပ်ကွက် (၅) ဆူပူးမားရပ်ကွက်နှင့် ရပ်ကွက် (၃) စွန်မိုင်ရပ်ကွက်အတွင်းရှိ မုန့်တီခြောက်လုပ်ငန်း၊ တာချီလိတ်မြို့ ဝေ့လေလန်ရွာ၊ မိုင်းဆတ်မြို့ ဝမ်မိုင်နှင့် ဆိုက်ခေါက်ရပ်ကွက်တို့ရှိ သောက်ရေသန့်လုပ်ငန်းများ၊ ပုန်ထွန်ရပ်ကွက်ရှိ ပဲငံပြာရည်လုပ်ငန်း၊ ဝမ်လုံးရွာရှိ အာလူးကြော်လုပ်ငန်း၊ ပင်လုံမြို့ပေါ်ရှိ ဆန်အရောင်းဆိုင်များနှင့် စားအုန်းဆီအရောင်းဆိုင်များ၊ လွိုင်လင်မြို့ပေါ်ရှိ စားအုန်းဆီဆိုင်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ လွိုင်လင်မြို့စျေးရှိ ဆန်အရောင်းဆိုင်များ၊ နမ့်စန်မြို့ပေါ်ရှိ ဆန်အရောင်းဆိုင်များသို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီ ဆေးဝါးများ စျေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ စျေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ် လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင် အမှန်တကယ်ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ် အသိပညာပေးဆောင်ရွက်မည့် အစီအစဉ်များရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် မှတ်ပုံတင်လက်မှတ် လုပ်ငန်းရှင်များ၊ အေးမြသာယာရပ်ကွက်ရှိ ကိတ်နှင့်မုန့်မျိုးစုံလုပ်ငန်းမှ လုပ်သားဝန်ထမ်းများနှင့် ပမ္မတီး

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၆ မှအဆက်*

ပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းရှိ သင်တန်းသားများကို ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာများအကြောင်း၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးခရိုင်၊ ဝေါမြို့ အ. ထ. က (၃) ကျောင်းနှင့် အ. လ. က (၂) ကျောင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့ ပညာရေးကောလိပ်နှင့် အစိုးရစက်မှုလက်မှုကျောင်း၊ ဖြူးမြို့နယ် မူလွန် (ရေသျှံကြီး)နှင့် မူလွန် (နတ်စဉ်ကုန်း)၊ မူလွန် (ကွမ်းသီးခြံ)၊ အ. လ. က အမှတ် (၄) ကျောင်းများ၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ အ. ထ. က ကျောင်း၊ အ. မ. က ကျောင်းများ၊ ပြည်မြို့ အ. ထ. က (ခွဲ) ဝါးရုံကျောင်း၊ ပန်းတောင်းမြို့ မူလွန်ဝန်လိုကျောင်း၊ မင်းလှမြို့ အ. မ. က ဆင်အိုင်ကျောင်းနှင့်သာယာဝတီမြို့ (ကျွဲသတ်ကြီးရွာ) အတွင်းရှိ စားသုံးသူပြည်သူများ၊ ကျောက်တံခါးမြို့ မူလွန် (ကန်ရွာ) ကျောင်း၊ မူလွန် အမ်ဘီအေ ၊ SEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ နတ်တလင်းမြို့ အ. မ. က (အနောက်စု)ကျောင်း၊ နတ်တလင်းမြို့ မူလွန် (ရင်းတိုက်စမ်း)၊ ဇီးကုန်းမြို့ အ. လ. က (ခွဲ) ဇီးကုန်းကျောင်း၊ သဲကုန်းမြို့ အ. လ. က (ဝက်ပုတ်) ကျောင်း၊ ပေါင်းတည်မြို့ အ. မ. က (ဘုရားသုံးဆူ) ကျောင်း၊ ပေါင်းတည်မြို့ အ. ထ. က (၁၇) ကျောင်း၊ ပြည်မြို့တွင် အ. ထ. က (ဝါးရုံ)ကျောင်း၊ ရွှေတောင်မြို့နယ်ရှိ အ. ထ. က (ရွှေတောင်) ကျောင်း၊ အ. လ. က (ခလရ-၁၄) ကျောင်း၊ အ. မ. က (ကြာနီကန်)ကျောင်း၊ အ. မ. က(မင်းတဲကျွန်း) ကျောင်း၊ ပန်းတောင်းမြို့နယ်တွင် မူလွန်(ဝန်လို)ကျောင်း၊ ပေါက်ခေါင်း မြို့နယ်တွင် အ. မ. က (အမှတ်-၂) ကျောင်းများတို့တွင် ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများ၊ ဖြူးမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့ ရွှေတောင်မြို့တို့ရှိ ရပ်ကွက်သူ ရပ်ကွက်သားများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ စားသုံးသူအသိပညာပေး Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များတို့အား ပြည်ခရိုင်တွင် မြို့သစ်ရပ်ကွက်၊ စျေးလမ်းရှိ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ မြို့သစ်ရပ်ကွက် (၆၄) ရပ်ကွက်ရှိ ဆေးဆိုင်၊ ရွှေတောင်မြို့နယ်တွင် ကြာနီကန်ရပ်ကွက် ကင်ပွန်းခြံလမ်းရှိ ယိုမျိုးစုံလုပ်ငန်းရှင်၊ ကြာနီကန်ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းရှိ ဆန်စက်နှင့် ပန်းတောင်းမြို့နယ်တွင် ဉသျှစ်ပင်ဒေသရှိ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်၊ အိမ်ဆောက်ပစ္စည်းဆိုင်လုပ်ငန်းရှင်၊ ဆေးဆိုင်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးဆေးဆိုင်လုပ်ငန်းရှင်၊ ပေါက်ခေါင်းမြို့တွင် အမှတ်(၅) ရပ်ကွက်ရှိ ဆန်ဆိုင်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ကုန်စည်များအား ကုန်အညွှန်းအမှတ်အသားမှန်ကန်ပြည့်စုံမှုရှိစေရေး၊ အွန်လိုင်းမှတဆင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော လုပ်ငန်းရှင်များအနေဖြင့်လည်း online register တင်ရှိထားစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာဖော်ပြရေး၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ မှတ်ပုံတင်ခြင်း

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၊ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း၊ ကလေးမြို့ရှိ အ. ထ. က (၆) ကျောင်း နှင့် ဖောင်းပြင်မြို့ အင်ကြင်းမြိုင်ရပ်ကွက်ရှိ အ. ထ. က ကျောင်း၊ ကန့်ဘလူမြို့ရှိ အ. ထ. က (၂) ကျောင်း၊ ကျွန်းလှမြို့ ဇီးတောကျေးရွာရှိ အ. မ. က ကျောင်းနှင့် အင်းကောင်းကျေးရွာရှိ အ. လ. က ကျောင်း၊ ရွှေဘိုမြို့ရှိ အ. ထ. က (၄) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ ပေါင်မုန့်၊ ကိတ်မုန့် အလုပ်ရုံနှင့် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ ခေါက်ဆွဲစက်ရုံတို့မှ ဝန်ထမ်းများအား ဌာန၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်တာဝန်များ၊ စားသုံးသူ အခွင့်အရေးများ၊ တာဝန်များ၊ ဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် စားသုံးသူတိုင်ကြားမှုဖြစ်စဉ်များကို အသိပညာပေး ဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့ပြင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး အသိပညာပေးမှုများကိုလည်း တိုင်းဒေသကြီးဦးစီးမှူးရုံး အနေဖြင့် (၃) ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးအနေဖြင့် (၄) ကြိမ်၊ ကသာခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ကန့်ဘလူမြို့နယ်ရုံးအနေဖြင့် (၂) ကြိမ်၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး အနေဖြင့် (၅) ကြိမ်၊ မုံရွာခရိုင်ဦးစီးမှူးရုံး အနေဖြင့် (၃) ကြိမ်၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ စုစုပေါင်း (၂၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေး



ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များ၊ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြနိုင်ရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ အမှတ် (၄) အ. ထ. က ကျောင်း၊ မြိတ်မြို့ ငြိမ်းချမ်းသာယာရပ်ရှိ အ. မ. က ကျောင်း၊ အမှတ် (၄) အ. ထ. က ကျောင်းနှင့် အမှတ် (၇) အ. ထ. က ကျောင်းနှင့် ကော့သောင်းမြို့ အ. ထ. က (ခွဲ) ကျောင်း၊ ချောင်းဝကျေးရွာရှိ အ. မ. ကကျောင်းတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေး ဥပဒေပါ သိကောင်းစရာများ၊ အွန်လိုင်းမှတ်ပုံတင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ ကော့သောင်းမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်း၊ ထားဝယ်မြို့ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ကျင်းပပြုလုပ်သော ဒီဂျစ်တယ်အသိ

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၂ မှ အဆက်*

ရပ်ကွက်ရှိ ကချင်ဒေသထွက်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်၊ မိုးညှင်းမြို့ နမီးစုရပ်ကွက်ရှိ ကားဆိုဖာ အပိုပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ မိုးညှင်းမြို့နယ် ဘီလူးကျေးရွာရှိ စားသုံးသူပြည်သူများအား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီး ဝန်ဆောင်မှုလုပ်ငန်းအဖြစ်သတ်မှတ်ထားရှိမှု အခြေအနေ၊ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၃ အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကိုက်ညီရမည့် အချက်များ၊ အထောက်အထားများ၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးမည့် အခြေအနေ၊ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များနှင့် အခွင့်အရေးများ၊ လုပ်ငန်းဆောင်ရွက်လိုသူများအနေဖြင့် တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများအား ဝယ်ယူရောင်းချခြင်းမပြုရန်နှင့် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** MPT, 5BB ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး မှတ်ပုံတင်ရရှိထားသော အွန်လိုင်းလုပ်ငန်း ရှင် (၅) ဦးအား အသိပညာပေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပွင့်ဖြူမြို့ရှိ စည်ပင်သာယာဈေးရှိ ဈေးရောင်းချသည့် လုပ်ငန်းရှင်များအား အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက Online မှတ်ပုံတင် လက်မှတ်လျှောက်ထားရန်နှင့် လက်မှတ်ရရှိသူ၏ တာဝန်များ ဖောက်ဖျက်မှု မရှိစေရေး အသိပညာပေးခြင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သုံးခွမြို့နယ်ရှိ မိုးကောင်းအီလစ်ထရောနစ်လုပ်ငန်း၊ လမြို့နယ်ရှိ စင်ဒရဲလား (Make Up) လုပ်ငန်း၊ သန်လျင်မြို့နယ်ရှိ ရွှေတိုင်းစားသောက်ကုန်လုပ်ငန်း၊ ရွှေပြည်သာမြို့နယ်ရှိ MM Zay Cho Online Store နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဇင်မာဝင်းအလှကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့သို့ သွားရောက်၍ အွန်လိုင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့နောက် တာမွေမြို့နယ်ရှိ Magic Kid Online Shop လုပ်ငန်းတို့အား Online Registration လျှောက်ထားစဉ်က လုပ်ငန်းအချက်အလက်များနှင့် မြေပြင်တွင် ကိုက်ညီမှုရှိ-မရှိ လိုက်လံကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့်လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံကာ မှတ်ပုံတင်လက်မှတ်ရရှိပြီး လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များနှင့်စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်၊ ကျိုက်ထို၊ သထုံ၊ ပေါင်၊ ဘီလင်းမြို့နယ်တို့ရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ရရှိထားသည့်

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှ အဆက်*

လုပ်ငန်းရှင်များအားတွေ့ဆုံ၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းဆိုင်ရာ အမိန့်ကြော်ငြာစာများ အကြောင်း၊ စီးပွားရေးကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေညွှန်ကြားချက်များနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း၊ အွန်လိုင်းမှတ်ပုံ တင်ခြင်းနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက်ရှိ အွန်လိုင်း ရောင်းဝယ်ရေးလုပ်ငန်း၊ ဒိုင်းဝန်ကွင်းရပ်ကွက်ရှိ Bakery ကိတ်မုန့်လုပ်ငန်း၊ သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ရှိ Fashion House အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းနှင့် သထုံမြို့နယ် သိမ်ကုန်း ရပ်ကွက်ရှိ အထည်အလိပ်၊ အဝတ်အထည်နှင့် ဆက်စပ် ပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်၍ မြေပြင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုင်းတုံမြို့ ရပ်ကွက် (၄) အတွင်းရှိ ကလေးအသုံး အဆောင်ပစ္စည်း အမျိုးမျိုးရောင်းချသည့် လုပ်ငန်းရှင်များအား Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှု လုပ်ငန်းအဖြစ် သတ်မှတ်ထားရှိမှုအခြေအနေ၊ အွန်းလိုင်း စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် မှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကိုက်ညီမည့် အချက်များနှင့် အထောက်အထားများ၊ မှတ်ပုံတင် လက်မှတ်ထုတ်ပေးမည့်အခြေအနေ၊ မှတ်ပုံတင်လက်မှတ် ရရှိသူ၏ တာဝန်များနှင့် အခွင့်အရေးများ၊ မှတ်ပုံတင် လက်မှတ်ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ သိရှိရန် အချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စား အစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ဈေးကွက်စောင့်ကြည့် စစ်ဆေးမှု (၂၂၀၀) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ထုတ်လုံ**



## ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖော်ပြရန် လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက် အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲ အနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်း အမှတ်အသား ဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/ ၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီး /ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

**Source: ထုတ်လုံ**

၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၄၉ | ၁၃၀ | ၄၈ | ၁၂၆ |
| ၂။ | ဖေဖော်ဝါရီလ | ၉၉ | ၂၇၃ | ၉၉ | ၂၇၃ |
| ၃။ | မတ်လ | ၅၆ | ၁၃၆ | ၅၆ | ၁၃၆ |
| ၄။ | ဧပြီလ | ၄၆ | ၁၆၀ | ၄၆ | ၁၆၀ |
| ၅။ | မေလ | ၄၄ | ၁၂၆ | ၄၄ | ၁၂၆ |
| ၆။ | ဇွန်လ | ၇၃ | ၂၂၆ | ၇၃ | ၂၂၆ |
| ၇။ | ဇူလိုင်လ | ၈၅ | ၂၃၂ | ၈၅ | ၂၃၂ |
| ၈။ | ဩဂုတ်လ | ၁၀၄ | ၂၄၉ | ၁၀၄ | ၂၄၉ |
| ၉။ | စက်တင်ဘာလ | ၁၀၀ | ၃၅၅ | ၁၀၀ | ၃၅၅ |
| စုစုပေါင်း | | ၆၅၆ | ၁၈၈၈ | ၆၅၅ | ၁၈၈၄ |

## စားသုံးသူအသိပညာပေးကဏ္ဍ

### တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီး ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင် စေရေးတို့အတွက် စားသုံးသူအသိပညာပေး ဟောပြော ပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်း နှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေး အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း -

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*